

# ရွှန်းရိပ်မိုး

## သံယောဇဉ်ကို ဖွင့်မပြရက်ခဲ့ပါ

L လင်း

မေယုယ…

ဆယ်တန်းအောင်ပြီးကာစ ဆံပင်လေးနှစ်ဖက် ခွဲစည်းတတ်သော ခ ပ်ထက်ထက် ကောင်မလေးဟာ သူမမိဘတွေ ရှယ်ယာပါသော ပုဂ္ဂလိ ကကျောင်းတစ်ခုမှာ မူကြိုဆရာမ လုပ်ရင်း တက္ကသိုလ်တက်ဖို့ စောင့် နေသူ။

စိတ်ရင်းသဘော ဖြူလှသော်လည်း စကားပြောမတတ်။ အထူးသဖြ င့် မိန်းကလေးသီးသန့် ကျောင်းမှ ဆယ်တန်းအောင်လာသော မေယုယ သည် ယောက်ျားလေးများ နှင့် အဆင်ပြေပြေ စကားမပြောတတ်ပေ။

သူမနှင့် အဆင်ပြေဆုံးက သူမစာသင်ပေးနေသည့် မူကြိုကလေး တွေ။ သူမ၏ ကလေးချစ်သည့် ဓာတ်ခံကြောင့် ထိုတစ်ခုတော့ အဆင်ပြေနေသည် ။ တစ်ဦးတည်းသောသမီး မေယုယဟာ ထိုတစ်ခုတ ည်းသော မူကြိုဆရာမဘဝကို ဖက်တွယ်လှသည် ။

ထို့ကြောင့်လည်း ဖေဖေနှင့်မေမေက အခြားသောလုပ်ငန်းတွေ ရှိပါ ရက်နဲ့ ယုယအတွက် ဒီပုဂ္ဂလိကကျောင်းမှာ ရှယ်ယာဝင်ပေးခဲ့တာပင်။

ပြီးတော့ ယုယစိတ်ဓာတ်က တစ်မျိုး။ မိဘတွေရဲ့ ရတနာဆိုင်ကြီး က ဗိုလ်ချုပ်ဈေးထဲမှာ အထင်ကရ။ ဒီလောက်ချမ်းသာသည့် ယုယက ဝ တ်တာစားတာတော့ အသင့်အတင့် သာမန်ပင်။

မေမေတို့ ဝယ်ပေး၍ သာ တန်ဖိုးကြီးအဝတ်အစားတွေ ကိုယ်ပေါ် ရောက်နေပေမယ့် နားမှာ ပလက်တီနမ် ဆောက်ဖြတ်နားကွင်း တစ်ရန် ကလွဲ၍ မေယုယမှာ ဘာမှ မရှိ။ တစ်ခါတစ်ရံ မေမေတို့ နှင့် မင်္ဂလာ ဆောင် ဘာညာသွားလို့ မေမေတို့ ဆင်သည့် အခါမှာ တောင် ယုယမှာ မ နေတတ် မထိုင်တတ်။

ယုယကျောင်းသွားလျှင်တောင် Bus နှင့် သွားချင်သွားတာ။ အိမ်မှာ ယုယ ဆယ်တန်းအောင်တဲ့ နေ့တည်းက ဒရိုင်ဘာသက်သက်ထားပြီး ကားတစ်စီး ဝယ်ပေးခဲ့တာလေ။ ဒါပေမဲ့ ယုယက ဖေဖေမေမေတို့ လစ် တာနှင့် Bus နှင့်ပဲ သွားစမြဲ။

ယုယရဲ့ စိတ်ဓာတ်က အပိုအဆောင်အယောင်တွေကို သုံးစွဲရမှာ လိ ပ်ပြာသိပ်မသန့်။ ပြီးတော့ သူမကို သူဌေးသမီးလို့ ထင်မှာ လည်း အရမ်း ကြောက်သည် ။

အဓိက ယောကျ်ားလေးတွေရဲ့ အထင်ကြီးမှု ခံရမှာ ကို အကြောက် ဆုံး။ တော်ကြာ ယုယ ချမ်းသာမှန်းသိပြီး ချဉ်းကပ်လာတဲ့ ယောကျ်ားပို င်းလုံးတွေနှင့် တွေ့ရင် မခက်ပါလား။

မြီးကောင်ပေါက်စအရွယ်မို့ ယုယ စိတ်ကူးလည်း ယဉ်တတ် လာပြီ။ အဲဒါ ဘာလဲ သိလား။ ယုယအပေါ် အရူးအမူး တွယ်တာမြတ်နိုးသော သ ဘောဖြူအူစင်း ဥစ္စာပေါ ရုပ်ချော အင်း… ကောင်းတာ ဘာကျန်သေးပါ လိမ့်။ သြော်… ယုယထက်လည်း အရပ်မြင့်ရဦးမယ်၊ အဲလို ချစ်သူတစ် ဦး လိုချင်သေးတယ်လေ၊ ဟိ…ဟိ။

အဲဒါ ယုယရဲ့ လက်ရှိ ဘိုင်အိုဂရက်ဖီပေါ့ကွယ်။ သြော်… မေ့လို့ ။ ယု ယက ရုပ်ဆင်းရူပကာ ပြည့်စုံသေးတယ်နော်။

*

လုလုလူ....

လ,သုံးလုံးနဲ့ ကောင်မလေး။ ဖခင်က မရှိတော့တာ ကြာပေါ့။ မိခင်က အစိုးရဌာနတစ်ခုက ဝန်ထမ်း။ ရပ်ကွက်ဈေးလေးမှာ နေ့ပြန်တိုးလေး ဘာလေးပေးရင်း စားနိုင်သောက်နိုင်ရုံ သားအမိပေ့ါ။ ဒီလိုနဲ့ လုလုလူ ဆယ်တန်းကို ပွက်ကာသီကာ အောင်ခဲ့တယ်။

လုလုလူက တစ်မျိုးလည်တယ်။ တစ်မျိုးလည်တယ်ဆိုတာက ဒီလိုလေ။ လုလု ဉာဏ် မကောင်းဘူး။ ဦးနှောက်သုံးပြီး လုပ်ရမယ့်ကိစ္စမျိုးတော့တာ။ ထွေထွေထူးထူး စဉ်းစားရတော့မည် ဆို ဟင့်အင်း။

ဒါပေမဲ့ ပတ်ချွဲနပ်ချွဲနဲ့ အနေအစား ချောင်အောင်တော့ နေတတ်တယ်။ သူမရဲ့ အလှအပကို ပိုပြီး ရပ်လုံးကြွအောင် သကာခပ်ထောထော ချစ်သူတစ်ယောက်ထားခြင်းဖြင့် ချမ်းသာအောင် လုပ်ဖို့ တော့ သူမက စဉ်းစားတတ်သတဲ့ ။ လုလု ဖြတ်ထိုးဉာဏ်က အဲလိုကောင်းတာလေ။

လူတွေကတော့ ဆယ်တန်းမအောင်ခင်တည်းက စာသိပ်မကျက်ပဲ လှချင်ပချင်သော လုလုကို တီးတိုးသဖန်းပိုး ဝေဖန်ချင်ကြတယ်၊ ဒါပေမဲ့ လုလုတို့ ကတော့ မျက်နှာပြောင်ပြောင်။ လုလုအမေကလည်း လုလုစကားတစ်ခွန်းပဲ။ လုလု လုပ်ချင်တာလုပ်။ သားအမိနှစ်ယောက်တာဝန်အိမ်အလုပ်ကိုလည်း ရုံးတစ်ဖက်ဖြင့် သူမဘာသာ လုပ်တတ်သည် မို့ လုလုတို့ က ချက်ပြုတ်တတ်ဖို့ နေနေသာသာ ကိုယ့်အဝတ်တောင် ကိုယ့်

ဘာသာစင်အောင် မလျှော်တတ်။

လုလု လုပ်တတ်တာတွေ ရှိပါသည် ။ လက်သည်း ခြေသည်း သ,တတ်သည် ။ ဒီဇိုင်းမျိုးစုံ ပုံဖော်ဆိုးတတ်သည် ။ ဆံပင်တွေကို စတက်ဖ်ပုံစံထားကာ ခြောက်လတစ်ခါ ပုံမှန်ဖြောင့်လာတာ ကိုးတန်းကတည်းက။ နှစ်ပတ်တစ်ခါလည်း ပေါင်းတင်ရသေးသည် ။

ပုံဖော်ထားသော မျက်ခုံးမွေးကို ဘယ်တော့မှ ပုံမပျက်စေရ။ တစ်ပင်ကျူးကျော်ရင် တစ်ပင် နုတ်ပစ်သည် ။ ဆယ်တန်းအောင်ကတည်းက ရှည်လျားထူထဲသော မျက်တောင်တွေကို ကွေးကော့နေအောင် သွားကောက်ပစ်သည် ။

အင်္ကျီအရောင်နှင့် လိုက်ဖက်သော အိုင်းရှဲဒိုးရောင်စုံ၊ နှုတ်ခမ်းနီအသွေးစုံကိုလည်း သုံးတတ်သေးသည် ။

အဝတ်အစားကို ဘယ်တော့မှ ရယ်ဒီမိတ် ဝယ်မဝတ်။ ရယ်ဒီမိတ်တစ်တည်တည်းထုတ်မှ ဝယ်ဝတ်မည်တဲ့ ။ သူများ နှင့် ပုံစံတူ မဝယ်နိုင်ပါတဲ့ လေ။

အသစ်အဆန်းထွင်ကာ အဖိုးနည်းဝန်ပါလေးတွေ ချုပ်ဝတ်တတ်၍သာ တော်တော့သည် ။

ဖိနပ်ကိုတော့ အနက်ရောင်တစ်မျိုးပဲ စီးသည် ။ ဖိနပ်အနက်က ဘယ်အဝတ်အစားနဲ့ ဆို လိုက်ဖက်တာကိုး။ ဖိနပ်ဈေးတွေက ကြီးတော့ ရောင်စုံထည်လဲ မစီးနိုင်ပါဘူး။

လုလု ဆယ်တန်းအောင်ချိန်မှာ လုလုအတွက် ကုန်ကျစရိတ်တွေ ပိုလာပေမယ့် မေမေက တစ်ချက်မညည်းညူရှာ။

အဲဒါ လုလုရဲ့ ဘိုင်အိုဂရက်ဖီ။

*

“မေမေရေ…လုလု အဝေးသင်ပဲတက်ပြီး အလုပ်လုပ်မယ်နော်၊ အဲဒါမှ လုလုအတွက် အသုံးစရိတ် ပိုထွက်လာမှာ ”

“သမီးသဘောလေ”

ဒီလိုနဲ့ သတင်းစာမှာ ပါတဲ့ အလုပ်ကြော်ငြာတွေမှာ သွားလျှောက်ရင်း ပုဂ္ဂလိက ကျောင်းတစ်ခုမှာ စာရေးမရာထူး ရသွားသည် ။

အလုပ်လုပ်တာ တစ်ပတ်ကြာတော့ ဒီကျောင်းရဲ့ ရှယ်ယာတစ်ဝက်ကို မူကြိုသင်တန်းတက်နေသော မေယုယ မိဘတွေ ပိုင်မှန်း သိသွားကာ မေယုယကိုသာ ကပ်ဖားကာ အပိုင်ပေါင်းပြီး ယုယ သူငယ်ချင်းအဖြစ်နှင့် အလုပ်ကို မထိတထိ ရေသာခို အခွင့်အရေးလေး မသိမသာ ယူတတ်လာသည် ။

“ယုယရေ… ထမင်းစားရအောင်၊ ဒီနေ့ လုလု ငါးလေးအိုးကပ်နဲ့ ချဉ်ပေါင်ကြော် ပါတယ်”

“စားကြမယ်လေ၊ ငါက ဆိတ်သားလုံးကြော်နဲ့ ပဲကြာဆန် ဟင်းချိုရယ်၊ မိုကြန်စွန်းရယ် ပါတယ်”

ယုယက လုလုအမေ ချက်ပေးတတ်သော အဖိုးနည်းဝန်ပါ ဟင်းကလေးတွေကို ခံတွင်းတွေ့လှသည် ။ လုလုမေမေက ဟင်းချက်ကောင်းသည် ကိုး။

လုလုကလည်း ယုယရဲ့ သူဌေးဟင်းတွေကို ခံတွင်းတွေ့လှသည် ။

ကျောင်းပိတ်ရက်တွေဆို လုလုက ယုယတို့ အိမ် လာလည်တတ်ကာ ယုယရဲ့ အဆောင်အယောင်တွေကို တမက်တမော လာအသုံးပြုတတ်သေးရဲ့ ။

ယုယနှင့်အတူ မနက်စာစားသည် ။ အခွေကြည့်သည် ။ နေ့လယ်နေ့ခင်း ယုယရဲ့ ဒန်းလော့မွေ့ရာကြီးမှာ အဲကွန်းလေးဖွင့်ပြီး အိပ်တတ်သည် ။ ညနေစောင်းရင် ယုယကားလေးနဲ့ ကန်ပေါင်လိုနေရာမျိုးမှာ အာပူလျှာပူတို့ ဝက်သားတုတ်ထိုးတို့ သွားစားတတ်သေးသည် ။

တစ်ခါတစ်ရံ ယုယနဲ့ စကော့ဈေးတို့ ပလာဇာတို့ ပတ်တတ်သေးသည် ။ သို့သော် ယုယကပဲ ရှင်းတာများ တတ်သည် ။ ဘာစားစား ဘာသောက်သောက် ယုယပဲ ရှင်းသည် ။

သို့သော် လုလုနဲ့ ယုယ ယှဉ်သွားရင် က,ကြီးနှင့် A ဖြစ်နေတတ်သည် ။ လုလုက စမတ်တကျ နူးညံ့အိစက်နေတတ်တာမျိုး။ ချွေးတစ်စက် စိုသွားတာနဲ့ ခရင်မ်ပတ်တစ်ချက် တို့ ပြီးသား။

တစ်ခုခု စားပြီးတာနှင့် နှုတ်ခမ်းနီက ချက်ချင်းပြန်ဆိုးပြီးသား။ သူမဆံပင်တွေကို လေတစ်ချက် တိုက်လိုက်တာနှင့် ဘီးနှင့်တစ်ချက် သပ်ပြီးသား။

ယုယကတော့ အဲလိုမဟုတ်ပေါင်။ ဆံပင်နှစ်ဖက်ခွဲအစည်းက မပျက်။ မျက်နှာမှာ နို့ရည်လေး လိမ်းပြီး ခရင်မ်ပတ် ပါးပါးတို့ ပြီးရင် ပြီးပြီ။ တခြား ဘာအခြယ်အသမှ မရှိ။ မေမေ ဝယ်ပေးသော ဂါဝန်လုလုလေးတွေနဲ့ ရှူးပါးပါးလေးစီးပြီး ပိုက်ဆံအိတ်သေးသေးလေး ကိုင်လိုက်ရင်ပြီးပြီ။ ယုယက လုံးဝမပြုမပြင် ချစ်စရာကောင်းတာမျိုးပါ။

သူမတို့ နှစ်ယောက် ယှဉ်တွဲထွက်ရင် ပုရိသကြီး ငယ်ရွယ်လတ်တို့ သမင်လည်ပြန်လွှန်းလှသည်။

*

ဒီနေ့ ပိတ်ရက်ပဲမို့ ထုံးစံအတိုင်း လုလုရောက်နေသဖြင့် ယုယအခန်းထဲမှာ ကာတွန်းကား ကြည့်နေကြသည် ။ ယုယ စားချင်တာမှန်သမျှ ယုယရဲ့ အထိန်းတော်ကြီး ချိုကြီးကို ဒိုင်ခံလုပ်ခိုင်းတတ်သည် ။ ကြီးချိုကြီးကလည်း ယုယကို ချစ်လို့ သာ လုလု ပုံစံကိုတော့ သိပ်မကြိုက်ပါ။ သို့သော် သူမက ဒီအိမ်မှာ အလုပ်သမားလေ။ ပြောရေးဆိုရေး ရှိတာမှ မဟုတ်တာ။

"သမီးလေးရေ....ယုယ...ခဏလာပါဦး"

"ဘာလုပ်မလို့ လဲ ကြီးချိုကြီးရဲ့ ၊ ယုယ ရေချိုးနေတယ်"

လုလုပဲ ပေါ်လာကာ ပြောလိုက်တာမို့ ကြီးချိုက ရေချိုးခန်းတံခါးကို သွားခေါက်ရသည် ။

"သမီးလေး ယုယ၊ မမလေး ပြန်လာတယ်၊ မောင်မင်းယောလည်း ပါလာတယ်၊ သမီးကို ခဏဆင်းခဲ့ဦးတဲ့ ၊ သမီး ရေချိုးနေတယ်လို့ ပြောထားလိုက်မယ်နော်"

"ဟုတ် ... ကြီးချိုကြီး"

ယုယ ရေချိုးခန်းထဲက ထွက် လာပြီး နို့ရည်လိမ်း ခရင်မ်တို့ ကာ ပန်းရောင်ဂါဝန်လေး ဝတ်လိုက်သည် ။ ခေါင်းလျှော်ပြီးကာစမို့ ဆံပင်ကို ဒရိုင်ယာဆွဲကာ အကုပ်အတိုင်းပဲ ထားလိုက်သဖြင့် ဆံပင်ထူအိအိလေး

က ညီညာတိဝဲနေသည် ။

“လုလု … ခဏနော်၊ ငါ မေမေ့ဆီ သွားလိုက်ဦးမယ်”

“ဟို …. ဘယ်သူဆိုလား ပါလာသေးတယ်ဆို”

“အင်း … မေမေ့သူငယ်ချင်းရဲ့ သားပါ။ ကိုကိုမင်းယောတဲ့ ၊ ကိုကိုက စင်ကာပူမှာ နေတာများ တယ်၊ သူ့ဖေဖေနဲ့ လေ”

“ဩော် … Broken-family လား”

“မဟုတ်ပါဘူး၊ အန်တီက ဒီမှာ ရတနာဆိုင် ဖွင့်ထားတော့ စင်ကာပူ မလိုက်နိုင်တာလေ။ ပြီးတော့ အန်ကယ်ကလည်း ဟိုမှာ ကုမ္ပဏီဖွင့်ထား တော့ သွားလိုက် လာ လိုက်လေ၊ ကိုကိုမင်းယောက ဟိုမှာ နေတာများ တယ်၊ ကိုကိုမင်းသွေးက ဒီမှာ အန်တီနဲ့ နေတယ်”

“ဩော် … ညီအစ်ကို နှစ်ယောက်ပေါ့”

“အင်း ..ဟုတ်တယ်”

“ငါလည်း လိုက်ခဲ့လို့ မရဘူးလား၊ ငါ တွေ့ဖူးချင်လို့ လေ”

“ရပါတယ်၊ လာလေ”

သူဌေးသားတစ်ယောက်နှင့် ဆုံရဖို့ ဆိုတာ သူမပတ်ဝန်းကျင်မှာ ဖြစ် မှ မဖြစ်နိုင်တာ။ ယုယရဲ့ အသိုင်းအဝိုင်းမှာ မို့သာ ဆုံရတာလေ။ မှန်ရှေ့ မှာ တစ်ပတ်လည်အောင် ကြည့်ပြီးအင်္ကျီကိုဆွဲဆန့်၊ ထဘီလေးကို ချပ်ချ ပ်ရပ်ရပ် ပြင်ဝတ်လိုက်သည် ။

လှေကားမှ ဆင်းလာသော နှစ်ယောက်ကိုကြည့်ကာ ယုယမေမေ မျ က်နှာတစ်ချက် ပျက်သွားသည် ။

မောင်မင်းယော အကြည့်တွေက နှစ်ယောက်စလုံးပေါ် ဝဲဖြာနေတာ

ကို သမီးလေးက ပုံမှန်၊ လုလု ဆိုသည့် ကောင်မလေးကတော့ အထာလို လို ပဲလိုလို နည်းနည်းလေး မူယာပိုနေ၏။

"ကိုကိုမင်းယော နေကောင်းလား"

ယုယ မေးလိုက်တာကို လုလုက လက်ကုတ်ကာ ...

"နေကောင်းလို့ ရောက်လာတာပေါ့"

ဟု ခပ်တိုးတိုး ... ကပ်ပြောနေသေးသည် ။

"ကောင်းတယ် ယုယလေး၊ ဒီမှာ ယုယလေးဖို့ လက်ဆောင်တွေ လာ ပို့တာလေ။ ပလက်တီနမ်နားကွင်းလေးတွေ ပုံစံသစ်လေးတွေ တွေ့လို့ ဝယ်လာသေးတယ်။ ဂါဝန်လေးတွေရော ရေမွှေးလည်း ပါတယ်"

"ယုယမှာ ဂါဝန်တွေ အများကြီး၊ ပြီးတော့ ရေမွှေးတွေလည်း သုံးလို့ တောင် မကုန်ဘူး"

ယုယတို့ က အဲလို စကားပြောမတတ်တာလေ။

"ကဲ ... အဲဒါသာ ကြည့်တော့ မောင်မင်းယောရေ၊ မင်းညီမလေးက ခုထိကို စကားပြော မတတ်ဘူး"

"ကလေးပဲ ရှိသေးတာကိုး အန်တီရဲ့ ၊ ကလေးတွေက ဖြူစင်ပါတယ် ၊ အရှိကို အရှိတိုင်းပဲ ပြောတတ်တယ်"

"ကိုကိုနော် ... ယုယ ဆယ်တန်းအောင်ပြီးပြီ။ ကလေး မဟုတ်တော့ ပါဘူးနော်"

"ဟုတ်ပါပြီ"

"ကဲ ... မောင်မင်းယော... ထမင်းစားသွား။ သားကိုခေါ်လာမို့လို့ သားအကြိုက် ကြက်အချင်းတိုင်ကို ရှားရှားပါးပါး ဝယ်ချက်ထားတယ်"

“စားမယ် အန်တီ၊ သားကြိုက်တဲ့ ဟင်းကို ဘယ်လက်လွှတ်ခံလို့ ဖြစ်ပါ့မလဲ”

ထမင်းဝိုင်းမှာ လက်ရှုပ်သူက လုလု။ အန်တီ့ကို ဦးချပြီးတာနဲ့ မင်းယော ပန်းကန်ထဲ ဟင်းထည့်ပေးရတာ မောနေ၏။ ယုယကတော့ ငြိမ်သက်စွာ။

*

လုလု အိပ်မက်ထဲမှာ မင်းယောသာ စိုးမိုးထားသည် ။ မင်းယောက ယုယကို ကျောင်းမှာ လာကြိုရင် လုလုက လိုက်သည် ။ ပြီးရင် မင်းယောကို ကလေးပုံစံဖမ်းကာ မုန့်ဝယ်ကျွေးဖို့ ပူဆာတတ်သည် ။

ယုယက လမ်းအရင်သင့်သည် မို့ ယုယကိုပို့ပြီးမှ လုလုကို လိုက်ပို့ရသည် ။ လုလုက ဘယ်တော့မှ အိမ်ရှေ့ထိမပို့ခိုင်း။ သူမတို့ နေသည့် ရပ်ကွက်က လမ်းလည်း ကျဉ်းကာ တစ်ဖက်ပိတ်လမ်း။ ပြီးတော့ တိုက်ခန်းလေးတွေကလည်း ကျဉ်းကျဉ်းလေးတွေလေ။ ဒီတော့လမ်းထိပ်မှာ ပဲ ဆင်းသည် ။

ကူအိသို့ မြှူအိသို့ အတက်ကို ဘယ်လိုက ဘယ်လို တစ်ဖက်ကမ်းခတ် တတ်သွားမှန်း မသိသော လုလုက မင်းယောရင်ခွင်ကို မထိတထိ ဝင်ဝင်ငြိဖို့ ကြိုးစားသည် ။ မင်းယောသည် လည်း ဘာသားနှင့် ထုထားတာမို့လို့ လဲ။ ဝဲတုန်းကတော့ ယုယဆိုသည့် သဇင်ခက်ကို။ နားမိတာက လုလုဆိုသည့် နှင်းဆီပွင့်ပေါ် ဖြစ်တော့မည်။

ထိုနှင်းဆီပွင့်က လေယူတိုင်း တိမ်းနေတာကိုး။ လိပ်ပြာတိမ်းရာ ယိမ်းပါမည်ဆိုမှ တော့ ဒီလိပ်ပြာက စိတ်မပါပဲ ရှိပါတော့မလား။ ညီဖြစ်သူ မင်းသွေးကတောင် ပြောသည် ။

“ယော ဘာတွေလုပ်နေတာလဲ၊ ဘယ်လိုပဲ ဖြစ်ဖြစ် မင်း တစ်နေ့ လက်ထပ်ရမှာ မယုယပဲနော်”

"မေယုယကို ညီမလိုပဲ ရင်ခုန်လို့ ရတယ်ကွာ၊ လုလုကမှ တကယ်လ န်းတာကွာ။ လုလု ငါ့ဘေးမှာ ရှိနေရင် အရမ်းသာယာတယ်"

"သာယာတာဟာ အချစ်မှ မဟုတ်တာ ယော။ မင်း ပိုးဖလံဖြစ်နေပြီ။ ဒီမှာ ယော၊ ယောကျ်ားဆိုတာ ဘယ်တော့မှ မိန်းမတစ်ယောက်ရဲ့ ရွေးချယ်မှုမှာ မကျရှုံးရဘူး၊ အခု မင်းကို လုလုလူက ရွေးချယ်တာ သေချာချိန်ရွယ်ပြီးမှ ပစ်မှတ်ကို ထိအောင် ပစ်နေတာ ကလေးလိုလို အထာလိုလိုနဲ့ မင်းကို ချုပ်နေတာ"

"ချုပ်တယ် ဆိုရင်တောင် မေတ္တာနှောင်ချုပ်လေကွာ၊ အချုပ်ခံလိုက်ပါ့မယ်"

"သွားပြီ ယော၊ မင်းကို ငါ တစ်ခုပဲပြောမယ်။ မင်းဟာ စိန်တုံးနဲ့ ကျောက်စရစ်ခဲကို မှားရွေးလိုက်ပြီ ဆိုတာပဲ၊ မင်း ကျောက်စရစ်ခဲကို ဘယ်လောက်ပဲ ရွှေတွေပါစေတော့မှ အရောင်ထွက်မှာ မဟုတ်ဘူး "

"မင်းကလည်း ကွာ၊ အဲဒီဥပမာက မှားနေတယ်ကွာ၊ လူတိုင်းက တူတူပဲ၊ အပေါ်ယံခြုံလွှာပဲ၊ ကွာသွားတာ။ အဲဒီခြုံလွှာတွေ ကွာကျသွားရင် လူပဲကျန်မယ်။ ငါတို့ အသိုင်းအဝိုင်းထဲ ရောက်လို့ ငါတို့ ခြုံလွှာတွေ လွှမ်းလိုက်ရင် ငါတို့လိုပဲ တန်းတူညီသွားမှာ ပါကွာ"

"ဒေါင်းယောင်ဆောင်သောကျီးက ဘယ်တော့မှ ဒေါင်းဖြစ်မလာဘူး ။ အဲဒါကို မင်း မမေ့သင့်ဘူး ယော"

"ဒါပေမဲ့ သူက ကျီးမဟုတ်သလို ငါတို့ ကလည်း ဒေါင်း မဟုတ်ဘူး လေကွာ"

"ကျွတ် ... မင်းကို စိတ်ပျက်တယ် ယော၊ သမာဓိ မရှိဘူး၊ တကယ်ဆို မင်းဝင်သွားတဲ့ အကွက်က မေယုယ၊

မျက်စိလည်ချင်ယောင်ဆောင်ပြီး လုလုလူဆီ ရောက်သွားတာ၊ သိပ်ရုပ်ဆိုးတယ်”

ယောကတော့ မင်းသွေး ဘာပြောပြော ဂရုမစိုက်။ လုလုလူကို လက်ထပ်ဖို့ မစဉ်းစားရသေး။ ဒါပေမဲ့ လတ်တလောမှာ လုလုအပေါ် သူ အရမ်းသာယာသည် ။

လုလုခင်းတာ မာယာတွေပဲ ထား။ အဲဒီမာယာတွေက သူ့အတွက် သကာတွေဆိုရင် သူ ဘာလို့ ရှေ့ဆက်မတိုးရဲရမလဲ။

လုလု နှုတ်ခမ်းဖျားတစ်ပွင့်က ပျားသကာလို ချိုလှစေ ဖြစ်နေတာကို သူ ဘာလို့ မမက်မောရမလဲ။

ယုယကတော့ သူမကို စတင်ချဉ်းကပ်ပြီးမှ လုလုဘက် ပြောင်းသွားတာကို ရိပ်မိပုံပင်မရ။ သူမကပင် လုလုနဲ့ သူ့ကို တွဲစနေသေးသည် ။ တစ်ခါတလေ သူမရဲ့ အပြောအဆို မတတ်မှုက သူတို့ ကို တွန်းပို့သလိုလိုတောင် ဖြစ်နေသေးသည် ။

“ကိုကိုမင်းယော ... လုလုက ကိုကိုမင်းယော လာမကြိုဘူး ထင်ပြီး ငိုမလို ဖြစ်နေတယ်”

“ယုယကလည်း ”

“ကိုကိုမင်းယောကလည်း လုလုကို ကြိုက်နေပုံပဲ”

“ညီမလေးကလည်း ”

ဒီလိုနဲ့ မစွမ်းရင်းနဲ့ ကန်စွန်းခင်း ငြိတော့သည် ။ မင်းယောက ဖွင့်ပြောတော့ လုလုလူက ချက်ချင်း ခေါင်းမညိတ်ခဲ့။ အချိန်တွေဆွဲကာ မူဟန်ပိုပြခဲ့သေးသည် ။

နောက်ဆုံးတော့လည်း နောက်ဆုံးတာပါပဲ။ ဒီဘူတာကို သွားမှတော့ ဟိုကားဂိတ်ရောက်ပေါ့မလား။ ဒီဘူတာပဲ ဆိုက်တာပေါ့။ ဒီဘူတာလေ သိတယ်ဟုတ်။ မင်းယောနဲ့ လုလုနဲ့ ချစ်ကြလေသတည်းပေါ့။

*